ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၆ ရက်

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်မှုအားလေ့လာခြင်း

**အကျဉ်းချုပ်**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ လက်ရှိကျင့်သုံးနေသောဖွဲ့စည်းပုံအခြေခံဥပဒေသည် ဆိုဗီယက်ယူနီယံဖျက်သိမ်းပြီးနောက် ၁၂-၁၂-၁၉၉၃ ရက်နေ့တွင် ရေးဆွဲပြဋ္ဌာန်းခဲ့သော ဆဋ္ဌမအကြိမ်မြောက်ဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်ပါသည်။ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေသည် ပြင်ဆင်ရန်ခက်ခဲသော ဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်ပြီး ယခုတတိယအကြိမ်မြောက် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးကို ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ အတွင်းကဆောင်ရွက်ခဲ့ပါသည်။ ပြင်ဆင်ချက်များတွင် လက်ရှိသမ္မတဗလာဒီမာပူတင်အား ၂၀၃၆ ခုနှစ် အထိ ဆက်လက်တာဝန်ထမ်းဆောင်ခွင့်ရစေခြင်း၊ အစိုးရအဖွဲ့ဝင်များ ခန့်အပ်ခြင်းနှင့် နုတ်ထွက်ခြင်းစနစ်ကို ပြုပြင်ပြောင်းလဲ၍ သမ္မတ၏ဩဇာအာဏာကိုတိုးမြှင့်ခြင်း၊ ပင်စင်စားများအတွက် အာမခံချက်ပေးသော လူမှုဖူလုံရေးစနစ်ကိုဖော်ဆောင်ပေးနိုင်ခြင်းစသည့် ပြင်ဆင်ပြဋ္ဌာန်းချက်များပါဝင်ပါသည်။ ဖွဲ့စည်းပုံပြင်ဆင်မှုအား ပြည်သူများ၏ထောက်ခံမှုဖြင့် ပြင်ဆင်နိုင်ခဲ့သော်လည်း ကန့်ကွက်ဆန္ဒပြမှုများလည်းရှိခဲ့ပါသည်။

ဤစာတမ်းတိုတွင် ရုရှားနိုင်ငံပေါ်ပေါက်လာမှုနောက်ခံသမိုင်း၊ ရုရှားနိုင်ငံလွှတ်တော်၊ သမ္မတနှင့် လွှတ်တော်ဆက်သွယ်ချက်၊ ဖွဲ့စည်းပုံအခြေခံပြင်ဆင်နိုင်မှုနည်းလမ်းများ၊ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်နိုင်ရေးဆောင်ရွက်ချက်များ၊ ပြင်ဆင်ပြောင်းလဲခဲ့သည့် ပြဋ္ဌာန်းချက်များစသည်တို့ကို ရေးသား ပြုစုတင်ပြထားပါသည်။

**သုတေသနစာတမ်းတိုအမှတ်စဉ်(၁၅၄)**

ဤစာတမ်းတိုနှင့်ပတ်သက်၍ သတိပြုရန်အချက်များအား နောက်ဆုံးစာမျက်နှာတွင် ဖော်ပြထားသည်။

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း | ၃ |
| ၂။ | ရည်ရွယ်ချက် | ၄ |
| ၃။ | အချက်အလက်ဖော်ပြမှုနည်းနာနိသယများ | ၄ |
| ၄။ | ရုရှားနိုင်ငံ၏နောက်ခံသမိုင်း | ၄ |
| ၅။ | ရုရှားဖက်ဒရေးရှင်းနိုင်ငံလွှတ်တော်(Federal Assembly) | ၆ |
| ၆။ | သမ္မတနှင့် လွှတ်တော်ဆက်သွယ်ချက် | ၇ |
| ၇။ | ရုရှားနိုင်ငံ၏ဖွဲ့စည်းပုံအခြေခံဥပဒေ | ၉ |
| ၇။ | ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်း | ၁၀ |
| ၈။ | ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်နိုင်ရေးဆောင်ရွက်မှုများ | ၁၂ |
| ၉။ | ပြင်ဆင်ခဲ့သည့်အချက်များ | ၁၃ |
| ၁၀။ | ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်မှုအပေါ်တုံ့ပြန်မှုများ | ၁၄ |
| ၁၁။ | သုံးသပ်ချက် | ၁၆ |
| ၁၂။ | နိဂုံး | ၁၇ |

## နိဒါန်း

၁။ နိုင်ငံတစ်နိုင်ငံတွင် ဖွဲ့စည်းပုံအခြေခံဥပဒေသည် အမြင့်ဆုံးဥပဒေဖြစ်ပါသည်။ အချုပ်အခြာအာဏာကို ခွဲဝေကျင့်သုံးသောနိုင်ငံတိုင်းသည် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး အာဏာများကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဆောင်ရွက်ကြရပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေသည် နိုင်ငံတစ်နိုင်ငံတည်ဆောက်ရေးတွင် များစွာအရေးပါသည့်အလျောက် ပြင်ဆင်ပြောင်းလဲရန်လည်း မလွယ်ကူပါ။ ဖွဲ့စည်းပုံအခြေခံဥပဒေများတွင် ပြင်ဆင်ရန်ခက်ခဲသောဖွဲ့စည်းပုံအခြေခံဥပဒေ (Rigid Constitution) နှင့် ပြင်ဆင်ရန်လွယ်ကူသောဖွဲ့စည်းပုံအခြေခံဥပဒေ (Flexible Constitution) ဟူ၍ (၂) မျိုးရှိပါသည်။[1]

၂။ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ဖွဲ့စည်းပုံအခြေခံဥပဒေသည် ပြင်ဆင်ရန်ခက်ခဲသော ဖွဲ့စည်းပုံအခြေခံဥပဒေ (Rigid Constitution) တွင်ပါဝင်၍ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးကို ယခုနှစ် ဇူလိုင်လအတွင်းက ဆောင်ရွက်ခဲ့ပါသည်။ ရုရှားနိုင်ငံ၏လက်ရှိသမ္မတ ဗလာဒီမာပူတင်သည် ၁၉၉၉ ခုနှစ်တွင် ဝန်ကြီးချုပ်အဖြစ်စတင်ခန့်အပ်ခံရပြီး၊ ၂၀၀၀ပြည့်နှစ်မှ ၂၀၀၈ ခုနှစ် အထိ သမ္မတသက်တမ်းကို (၂) ကြိမ် ဆက်တိုက်ထမ်းဆောင်ခဲ့ပါသည်။ ရုရှားနိုင်ငံ၏ဖွဲ့စည်းပုံအခြေခံဥပဒေအရ သမ္မတသက်တမ်း (၂) ကြိမ် ထက်ပို၍ ထမ်းဆောင်ခွင့်မရှိသဖြင့် ၂၀၀၈ ခုနှစ်တွင် ဒီမီထရီမက်ဗီဒက် (Dmitry Medvedev) မှ သမ္မတတာဝန်ထမ်းဆောင်ခဲ့ပြီး သမ္မတ ဗလာဒီမာပူတင်သည် ဝန်ကြီးချုပ်နေရာရယူခဲ့ကာ ယင်းကာလ၌ပင် ရုရှားနိုင်ငံ၏သမ္မတရာထူးကို (၆)နှစ် သက်တမ်းထားရှိရန် တိုးမြှင့်ပြဋ္ဌာန်းခဲ့ပါသည်။၂၀၁၂ ခုနှစ်တွင် သမ္မတ ဒီမီထရီမက်ဗီဒက် တာဝန်ထမ်းဆောင်ပြီးနောက် ဗလာဒီမာပူတင်သည် ရွေးကောက်ပွဲတွင်အနိုင်ရရှိ၍ သမ္မတတာဝန်ကို တစ်ဖန်ပြန်လည်ထမ်းဆောင်ခဲ့ပါသည်။ ထို့နောက် ၂၀၁၈ ခုနှစ် ရွေးကောက်ပွဲတွင် ထပ်မံအနိုင်ရ၍ တာဝန်ထမ်းဆောင်လျက်ရှိသော သမ္မတ ဗလာဒီမာပူတင်၏ သက်တမ်းသည် ၂၀၂၄ ခုနှစ်တွင် ကုန်ဆုံးတော့မည်ဖြစ်သဖြင့် ၂၀၃၆ ခုနှစ်အထိ နောက်ထပ်သမ္မတသက်တမ်း (၂) ကြိမ် ဆက်တိုက် အာဏာဆက်လက်တည်မြဲစေရန် ဖွဲ့စည်းပုံအခြေခံဥပဒေအား ပြင်ဆင်ခဲ့ခြင်းဖြစ်ပါသည်။

---

[1] ဖွဲ့စည်းပုံအခြေခံဥပဒေစာတမ်းတို၊ IDEA ၊ ၂၀၁၇ ခုနှစ် ဧပြီလ၊ https://www.idea.int/sites/default/files/publications/ the-fundamentals-of-a-constitution-MY.pdf မှ ရရှိပါသည်။ (ကြည့်ရှုရရှိသည့်ရက် ၁၅-၈-၂၀၂၀)

## ရည်ရွယ်ချက်

၃။ ဤစာတမ်းတိုကို ရေးသားရခြင်း၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ရုရှားနိုင်ငံ၏ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်မှုအားသိရှိနိုင်စေရန်၊

(ခ) ပြင်ဆင်ခဲ့သည့်အချက်များနှင့် ဖွဲ့စည်းပုံအခြေခံပြင်ဆင်မှုအပေါ် ပြည်သူများ၏ တုံ့ပြန်မှုများအားသိရှိနိုင်စေရန်။

## အချက်အလက်ဖော်ပြမှုနည်းနာနိဿယများ

၄။ ဤစာတမ်းတိုတွင်ရေးသားထားသည့် အချက်အလက်များကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး Website၊ နိုင်ငံတကာပါလီမန်များသမဂ္ဂ(Inter-Parliamentary Union) Website၊ ရုရှားနိုင်ငံလွှတ်တော်ဖြစ်သည့် State Duma Website၊ BBC Website နှင့် ပြည်တွင်း/ပြည်ပ သတင်းဌာန Website များ၏ အရင်းအမြစ်များမှ ကောက်နုတ်တင်ပြထားခြင်းဖြစ်ပါသည်။

## ရုရှားနိုင်ငံ၏နောက်ခံသမိုင်း

၅။ ရုရှားနိုင်ငံသည် အရှေ့ဥရောပနှင့် မြောက်အာရှဒေသတွင် တည်ရှိပါသည်။ ဧရိယာအကျယ်အဝန်းအားဖြင့် ၁၇,၀၉၈,၂၄၂ စတုရန်းကီလိုမီတာကျယ်ဝန်းပါသည်။[2] လူဦးရေ ၁၄၅ သန်းကျော်ခန့်ရှိပြီး မြို့တော်မှာ မော်စကိုမြို့ဖြစ်ပါသည်။[3] ရုရှားနိုင်ငံ၏သမိုင်းအစသည် အရှေ့ဆလပ်လူမျိုးများ ဥရောပတိုက်တွင် ပါဝင်လာခြင်းက အစပြုခဲ့ပြီး အေဒီ ၃ ရာစုနှင့် ၈ ရာစု နှစ်အတွင်း၌ ဥရောပတိုက်သို့ ဝင်ရောက်ပေါင်းစည်းခဲ့ကြပါသည်။ အေဒီ ၉ ရာစုတွင် မော်စကိုမြို့၏ မြို့စားကြီးသည် ဩဇာအာဏာအရှိဆုံး ပုဂ္ဂိုလ်ဖြစ်ခဲ့ပြီး မွန်ဂိုအင်ပါယာသည် အင်အားအကြီးဆုံးသောအချိန်ဖြစ်နေပါသည်။ ၁၈ ရာစုတွင် အင်အားချဲ့ထွင်ပြီး ရုရှားအင်ပါယာ ကြီး ဖြစ်ပေါ်လာစေရန် အတွက် အခြားနယ်ပယ်များကို တိုက်ခိုက်သိမ်းပိုက်ပြီး နယ်မြေသစ်များရှာဖွေမှုကို ပြုလုပ်ခဲ့ကြပါသည်။

---

[2] Central Intelligence Agency, The world fact book, https://www.cia.gov/library/publications/the-world-factbook/geos/rs.html မှရရှိပါသည်။ (ကြည့်ရှုရရှိသည့်ရက် ၂၂-၁၀- ၂၀၂၀)

[3]Worldometer၊RussiaPopulation၊https://www.worldometers.info/world-population/russia-population/မှရရှိပါသည်။ (ကြည့်ရှုရရှိသည့်ရက် ၂၂-၁၀- ၂၀၂၀)

ထိုနောက် ရုရှားအင်ပါယာကြီးသည် သမိုင်းတွင် တတိယမြောက် အင်အားကြီးအင်ပါယာကြီး တစ်ခုအဖြစ်သို့ ရောက်ရှိလာခဲ့ပါသည်။[4]

၆။ ဒုတိယမြောက်နီကိုးလပ်ဘုရင်လက်ထက်တွင် အလုပ်သမား၊ လယ်သမားနှင့်ပြည်သူ လူထု တစ်ရပ်လုံးပါဝင်သော ၁၉၀၅ ခုနှစ်တော်လှန်ရေးပေါ်ပေါက်လာခဲ့ပါသည်။ တော်လှန်ရေးပေါ်ပေါက် လာရခြင်း၏ အဓိကအကြောင်းအရင်းများမှာ နိုင်ငံတွင်းအထွေထွေချွတ်ခြုံကျမှု၊ ပဒေသရာဇ် အုပ်ချုပ်မှုကိုစိတ်ကုန်လာမှုနှင့် ကားလ်မက်စ်၊ လီနင်တို့၏ ဘော်လ်ရှီဗစ်ကွန်မြူနစ်အတွေးအခေါ် များကြောင့်ဖြစ်ပါသည်။ နီကိုးလပ်ဒုတိယဘုရင်လက်ထက် (၁၉၀၄-၁၉၀၅ )ခုနှစ်တွင် ရုရှား-ဂျပန် စစ်ပွဲဖြစ်ပွားခဲ့ပြီး ဂျပန်တို့အားရှုံးနိမ့်ခဲ့ရာမှ တပ်တွင်းပုန်ကုန်မှုများ ပေါ်ပေါက်လာခဲ့ပြီး ပြည်သူ ၁၀၀၀ ခန့် သေဆုံးခဲ့ပါသည်။ ၁၉၀၅ ခုနှစ်တော်လှန်ရေးသည် မအောင်မြင်ခဲ့သော်လည်း ထိုတော်လှန်ရေးကြောင့် လွတ်လပ်စွာ ထုတ်ဖော်ပြောကြားခွင့်၊ စုဝေးခွင့်နှင့် ရုရှားဥပဒေပြုရေး လွှတ်တော်ဖြစ်သော ဒူးမားလွှတ်တော်တို့ ပေါ်ပေါက်လာခဲ့ပါသည်။

၇။ ၁၉၁၇ ခုနှစ်တွင် ဖေဖော်ဝါရီလတော်လှန်ရေးပေါ်ပေါက်ခဲ့ပြီး ပဒေသရာဇ်စနစ် ချုပ်ငြိမ်း သွားကာ ပါတီပေါင်းစုံစုပေါင်းဖွဲ့စည်းထားသည့် ယာယီအစိုးရ အုပ်ချုပ်သည့် ရုရှားသမ္မတနိုင်ငံ ပေါ်ပေါက်လာပါသည်။ ၁၉၁၇ ခုနှစ်၊ အောက်တိုဘာလတွင် လီနင်ဦးဆောင်သည့် ဘော်လ်ရှီဗစ် တို့မှ အောက်တိုဘာလတော်လှန်ရေးဆင်နွှဲကာ အာဏာသိမ်းယူခဲ့ပြီး ကမ္ဘာ့ပထမဆုံးဆိုရှယ်လစ် နိုင်ငံအဖြစ် တည်ထောင်ခဲ့ပါသည်။

၈။ ၁၉၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နေ့တွင် ယူကရိန်း၊ ဘိုင်လိုရုရှားနှင့် ကော့ကေးဆပ် နယ်များကို စုပေါင်းကာ ဆိုဗီယက်ယူနီယံအား တည်ထောင်ခဲ့ပါသည်။ ဆိုဗီယက်ယူနီယံ (**Union of Soviet Socialist Ripublics –USSR**) အား နိုင်ငံပေါင်း (၂၁) နိုင်ငံဖြင့် ဖွဲ့စည်းခဲ့ပါသည်။ ၁၉၂၄ ခုနှစ် တွင် လီနင်ကွယ်လွန်ပြီးနောက် ကွန်မြူနစ်ပါတီအထွေထွေအတွင်းရေးမှူးဖြစ်လာသူ ဂျိုးဇက်စတာလင် သည် နိုင်ငံ့ခေါင်းဆောင်ဖြစ်လာခဲ့ပါသည်။ ဒုတိယကမ္ဘာစစ်အတွင်း နာဇီတို့၏ကျူးကျော်မှုကို တွန်းလှန်ခဲ့ရပြီး စစ်ပြီးခေတ်ကာလများတွင် ဆိုဗီယက်ဦးဆောင်သောဝါဆောအုပ်စုနှင့် အမေရိကန်

[4] ရုရှားနိုင်ငံအကြောင်းသိကောင်းစရာ၊ https://www.thutazone.net/aboutofrussia/, 2019, July 31 မှရရှိပါသည်။(ကြည့်ရှုရရှိသည့်ရက် ၁၆-၉-၂၀၂၀)

ဦးဆောင်သောနေတိုးအုပ်စုတို့၏ အားပြိုင်မှုများကြောင့် စစ်အေးတိုက်ပွဲ ပေါ်ပေါက်လာခဲ့ပါသည်။ ၁၉၉၁ ခုနှစ်တွင် ဆိုဗီယက် ပြည်ထောင်စုသည် နိုင်ငံပေါင်း (၁၅) နိုင်ငံအထိပြိုကွဲသွားပြီး ရုရှားဖက်ဒရေး နိုင်ငံအဖြစ် ပေါ်ပေါက်လာပါသည်။[5]

၉။ ထိုအချိန်တွင် ရုရှားနိုင်ငံ၏ပထမဆုံးသမ္မတအဖြစ် Boris Yeltsin မှ ဦးဆောင်လာခဲ့ပြီး ၁၉၉၁ ခုနှစ် မှ ၁၉၉၉ ခုနှစ်အထိ သမ္မတတာဝန်ကိုထမ်းဆောင်ခဲ့ပါသည်။ သမ္မတယဲ့လ်ဆင်သည် နိုင်ငံရေးလောကမှမထွက်ခွာမီ ငယ်ရွယ်တက်ကြွပြီး အရည်အချင်းရှိသော ဗလာဒီမာပူတင်အား ကိုယ်စားအုပ်ချုပ်စေကာ နိုင်ငံရေးသမားကောင်းဖြစ်စေရန် လေ့ကျင့်ပေးခဲ့ပါသည်။[6] ၂၀၀၀ ပြည့်နှစ်တွင် လက်ရှိသမ္မတ ဗလာဒီမာပူတင် ဒုတိယမြောက်သမ္မတဖြစ်လာခဲ့ပြီး ရေနံသဘာဝဓာတ်ငွေ့နှင့် စစ်လက်နက်ပစ္စည်းရောင်းချမှုများမှတစ်ဆင့် စီးပွားရေးပြန်လည်ဦးမော့လာခဲ့ကာ ရုရှားနိုင်ငံသည် အင်အားကြီးနိုင်ငံတစ်ခုအဖြစ်သို့ ပြန်လည်တက်လှမ်းလာခဲ့ပါသည်။ ၂၀၀၈ ခုနှစ် ဂျော်ဂျီယာစစ်ပွဲ၊ ၂၀၁၄ ခုနှစ် ယူကရိန်းနှင့် ဖြစ်ပွားသော ကရိုင်မီးယား အရေးအခင်းတို့သည် ယခင်ဆိုဗီယက်ယူနီယံဟောင်း နိုင်ငံများအပေါ် ရုရှားနိုင်ငံ၏ဩဇာအာဏာကိုပြသနေသည့် အနေအထား ဖြစ်ပါသည်။[7]

## ရုရှားဖက်ဒရေးရှင်းနိုင်ငံလွှတ်တော်(Federal Assembly)

၁၀။ ရုရှားဖက်ဒရေးရှင်းနိုင်ငံသည် လွှတ်တော်နှစ်ရပ်ရှိသော သမ္မတဦးဆောင်သည့် ပါလီမန်ပြည်ထောင်စုသမ္မတနိုင်ငံ (Presidential Style, Parliamentary Federal Republic) ဖြစ်ပါသည်။ လွှတ်တော်ဖြစ်သည့် ဖက်ဒရယ်ညီလာခံ (Federal Assembly) ကို အထက်လွှတ်တော် (Federation Council) နှင့် အောက်လွှတ်တော် /ဒူးမားလွှတ်တော် (State Duma) တို့ဖြင့် ဖွဲ့စည်းထားပါသည်။

**၁၁။** ရုရှားနိုင်ငံ၏အထက်လွှတ်တော်ကို ၁၉၉၆ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်နေ့တွင် ဖွဲ့စည်းခဲ့ပါသည်။ ဖွဲ့စည်းပုံအရ လွှတ်တော်ကိုယ်စားလှယ်ဦးရေ ၁၇၈ ဦးရှိပြီး မဲဆန္ဒနယ်မြေ ၈၉ ခုမှ တစ်ခုလျှင် ကိုယ်စားလှယ်နှစ်ဦးခန့်အပ်ပါသည်။ အထက်လွှတ်တော်တွင် ကိုယ်စားလှယ်အဖွဲ့နှစ်ဖွဲ့ရှိရာ

[5] ရုရှားနိုင်ငံအကြောင်းသိကောင်းစရာ၊ https://www.thutazone.net/aboutofrussia/, 2019, July 31 မှရရှိပါသည်။ (ကြည့်ရှုရရှိသည့်ရက် ၁၆-၉-၂၀၂၀)

[6] ရုရှားသမ္မတပူတင်အကြောင်း ၊https://tinyurl.com/y6pzk7gc မှရရှိပါသည်။ (ကြည့်ရှုရရှိသည့်ရက် ၁၈-၉-၂၀၂၀)

[7] ရုရှားနိုင်ငံအကြောင်းသိကောင်းစရာ၊ https://www.thutazone.net/aboutofrussia/, 2019, July 31 မှရရှိပါသည်။ (ကြည့်ရှုရရှိသည့်ရက် ၁၉-၉-၂၀၂၀)

ဥပဒေပြုရေးအာဏာရှိသူများ ပါဝင်သောကိုယ်စားလှယ်အဖွဲ့နှင့် အုပ်ချုပ်ရေးအာဏာရှိသူများ ပါဝင်သော ကိုယ်စားလှယ်အဖွဲ့တို့ဖြစ်ပါသည်။ အထက်လွှတ်တော်၏သက်တမ်းကို သတ်မှတ်ထားခြင်းမရှိပါ။

**၁၂။** ဒူးမားလွှတ်တော်သည် ၁၉၀၆ ခုနှစ်တွင် ပထမဆုံးဖွဲ့စည်းခဲ့သော ရုရှားနိုင်ငံ၏ပါလီမန်ဖြစ်ပါသည်။ ပထမအကြိမ်မှ စတုတ္ထအကြိမ်အထိ ဒူးမားလွှတ်တော် အစည်းအဝေးများကို ၁၉၀၆ ခုနှစ်မှ ၁၉၁၇ ခုနှစ်အထိ ဖွဲ့စည်းကျင်းပခဲ့ပြီး ၁၉၁၇ ခုနှစ်တွင် ဇာဘုရင်ခေတ် ပြိုကွဲပျက်စီးခဲ့သည်။ နောက်ပိုင်းတွင် ပြည်ထောင်စု ဆိုဗီယက်နှင့် လူမျိုးစု ဆိုဗီယက်ခေါ် ဥပဒေပြု လွှတ်တော်နှစ်ရပ်ပါဝင်သော ဆူပရင်းဆိုဗီယက် (Supreme Soviet)ကိုဖွဲ့စည်းခဲ့ရာ ဆိုဗီယက် ပြည်ထောင်စုတွင်အကြီးဆုံးအာဏာပိုင်အဖွဲ့၊ ဥပဒေပြုအဖွဲ့ဖြစ်ပါသည်။ ၁၉၉၁ ခုနှစ်တွင် ဆိုဗီယက်ပြည်ထောင်စုကြီးပြိုကွဲပျက်စီးခဲ့ရာ သမ္မတဘောရစ်ရယ်ဆင်လက်ထက် ၁၉၉၃ခုနှစ်တွင် ဖွဲ့စည်းပုံ အခြေခံဥပဒေအသစ်ပေါ်ပေါက်ခဲ့ပြီး ဆူပရင်းဆိုဗီယက်နေရာတွင် ယခင်က ပျောက်ကွယ်ခဲ့ရသည့် ဒူးမားလွှတ်တော်ကို ပဉ္စမအကြိမ်အဖြစ် ပြန်လည်ဖွဲ့စည်းခဲ့ပါသည်။ ဖွဲ့စည်းပုံအရ လွှတ်တော်ကိုယ်စားလှယ် (၄၅၀) ဦး သတ်မှတ်ထားပြီးသက်တမ်း (၅) နှစ် ဖြစ်ပါသည်။[8]

## သမ္မတနှင့် လွှတ်တော်ဆက်သွယ်ချက်

၁၃။ ရုရှားနိုင်ငံ၏ သမ္မတကို ဖက်ဒရယ်ဥပဒေ(Federal Law) အရ ရွေးကောက်ပွဲကျင်းပ၍ အများစု၏လျှို့ဝှက်ဆန္ဒမဲ(Secret Ballot) ဖြင့်ရွေးကောက်တင်မြှောက်ပါသည်။ သမ္မတအဖြစ်ရွေးကောက်တင်မြှောက်ခံမည့်သူသည် အသက် ၃၅ နှစ် ပြည့်ပြီး ရုရှားနိုင်ငံတွင် အနည်းဆုံး ၁၀ နှစ်ကြာနေထိုင်သူ ရုရှားနိုင်ငံသားဖြစ်ရမည်ဖြစ်ပါသည်။ ၁၉၉၃ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ သမ္မတအား လုပ်ပိုင်ခွင့်များအပ်နှင်းထားပါသည်။ ရုရှားနိုင်ငံ၏ အမြင့်ဆုံးခေါင်းဆောင်ဖြစ်သော သမ္မတသည် အစိုးရအဖွဲ့၏ခေါင်းဆောင်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများကို လွှတ်တော်၏အတည်ပြုချက်ဖြင့် ခန့်အပ်ပိုင်ခွင့်ရှိပါသည်။ ထို့ပြင် သမ္မတသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံတပ်မတော်၏ အမြင့်ဆုံးဦးစီးချုပ်တစ်ဦးလည်းဖြစ်ပြီး အရေးပေါ်အခြေအနေများတွင် Martial

[8] ကမ္ဘာ့နိုင်ငံများ၏ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးများ(၁)၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံး https://www.constitutionaltribunal.gov.mm/my/constitution-world မှရရှိပါသည်။ (ကြည့်ရှုရရှိသည့်ရက် ၂၀-၈- ၂၀၂၀)

Lawနှင့် ဥပဒေကဲ့သို့ အာဏာတည်သောအမိန့်များကို ထုတ်ပြန်ခွင့်ရှိပါသည်။ ထို့ပြင် ၁၉၉၃ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပုဒ်မ ၈၄ အရ သမ္မတသည်–

(က) အောက်လွှတ်တော်အားဖျက်သိမ်း၍အောက်လွှတ်တော်ရွေးကောက်ပွဲအား ကျင်းပရန်ကြေညာခွင့်ရှိခြင်း၊

(ခ) ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရန်ကြေညာခွင့်ရှိခြင်း၊

(ဂ) အောက်လွှတ်တော်တွင်ဥပဒေကြမ်းများ တင်သွင်းခွင့်ရှိခြင်း၊

(ဃ) ဥပဒေကြမ်းများကို လက်မှတ်ရေးထိုး၍ ဥပဒေအဖြစ်ထုတ်ပြန်ကြေညာခွင့်ရှိခြင်း၊

(င) နိုင်ငံ၏ ပြည်တွင်း/ပြည်ပ ရေးရာအခြေအနေများနှင့် စပ်လျဉ်း၍ လွှတ်တော်တွင် နှစ်စဉ် မိန့်ခွန်းပြောကြားခွင့်ရှိခြင်းစသည့် လုပ်ပိုင်ခွင့် (Power) များ ပိုင်ဆိုင်ပါသည်။

၁၄။ ၁၉၉၃ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ အထက်လွှတ်တော်နှင့် အောက်လွှတ်တော်၏ လုပ်ပိုင်ခွင့်အာဏာများမတူညီကြပါ။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၀၂ အရ အထက်လွှတ်တော်၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) နိုင်ငံတွင်း နယ်မြေစီရင်စုများနယ်နိမိတ်သတ်မှတ် ဖွဲ့စည်းခြင်းများနှင့်စပ်လျဉ်း၍ အတည်ပြုခြင်း၊

(ခ) နိုင်ငံ၏အရေးပေါ်အခြေအနေများတွင် သမ္မတက Martial Law ထုတ်ပြန်ခြင်းကို အတည်ပြုပေးခြင်း၊

(ဂ) သမ္မတရွေးကောက်ပွဲကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း၊

(ဃ) သမ္မတကို စွပ်စွဲပြစ်တင်သည့် အဆိုကို တင်သွင်းနိုင်ခြင်း၊

(င) သမ္မတမှအမည်စာရင်းပေးပို့သော ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ တရားရုံးချုပ်၊ အနုညာတခုံရုံးတို့မှ တရားသူကြီးများကို အတည်ပြုခန့်အပ်နိုင်ခြင်း၊

(စ) ရှေ့နေချုပ်အား ခန့်အပ်ခြင်းနှင့် ရာထူးမှထုတ်ပယ်နိုင်ခြင်း၊

(ဆ) စာရင်းစစ်ချုပ်အဖွဲ့၏ ဒုတိယဥက္ကဋ္ဌကိုခန့်အပ်ခြင်းနှင့် ထုတ်ပယ်နိုင်ခြင်း စသည့် လုပ်ပိုင်ခွင့် (Power) များပိုင်ဆိုင်ပါသည်။

၁၅။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၀၃ အရ အောက်လွှတ်တော်၏လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) အစိုးရအဖွဲ့၏ ခေါင်းဆောင်အဖြစ် သမ္မတကခန့်အပ်သော ဝန်ကြီးချုပ်ကို အတည်ပြုခြင်း၊

(ခ) အစိုးရအဖွဲ့ဝင် ဝန်ကြီးများ ခန့်ထားခြင်းကို အတည်ပြုခြင်းနှင့် ငြင်းပယ်ခြင်း၊

(ဂ) လွှတ်ငြိမ်းချမ်းသာခွင့်ကို ကြေညာနိုင်ခြင်း၊

(ဃ) အစိုးရအဖွဲ့၏နှစ်စဉ်အစီရင်ခံစာကိုကြားနာခြင်း၊

(င) သမ္မတမှ အမည်တင်သွင်းလာသော ဗဟိုဘဏ်ဥက္ကဋ္ဌကို ခန့်အပ်ခြင်းနှင့် ရာထူးမှ ထုတ်ပယ်နိုင်ခြင်း၊

(စ) စာရင်းစစ်ချုပ်အဖွဲ့၏ဥက္ကဋ္ဌကို ခန့်အပ်ခြင်းနှင့် ထုတ်ပယ်နိုင်ခြင်း၊

(ဆ) လူ့အခွင့်အရေးကော်မရှင်၏ ဥက္ကဋ္ဌကိုခန့်အပ်ခြင်းနှင့် ထုတ်ပယ်နိုင်ခြင်းစသည့် လုပ်ပိုင်ခွင့်(Power) များ ပိုင်ဆိုင်ပါသည်။[9]

၁၆။ ယခု တတိယအကြိမ် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်မှုသည် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးမဏ္ဍိုင်ကြား ပြောင်းလဲမှုများပြုလုပ်ခဲ့ပါသည်။ ပြင်ဆင်ပြဋ္ဌာန်းချက်များအရ အစိုးရအဖွဲ့ဝင်များခန့်အပ်ခြင်းနှင့် ထုတ်ပယ်ခြင်းများကို သမ္မတသည် အုပ်ချုပ်ရေးအဖွဲ့၏ အမြင့်ဆုံးအာဏာရှိသူအဖြစ်ပိုမို၍ပီပြင်စွာဆောင်ရွက်လာနိုင်မည်ဖြစ်ပါသည်။[10]ယခုပြင်ဆင်ချက်အရ သမ္မတကအဆိုပြုခန့်အပ်သည့် ဝန်ကြီးချုပ်ကို ဒူးမားလွှတ်တော်က အတည်ပြုရုံသာ ပြုလုပ်ပိုင်ခွင့်ရှိမည်ဖြစ်ပါသည်။[11]

## ရုရှားနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ

၁၇။ ရုရှားနိုင်ငံ၏ပထမဆုံးဆိုဗီယက်ဖွဲ့စည်းပုံအခြေခံဥပဒေကို ၁၉၁၈ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ပါသည်။ ထို့နောက် ၁၉၂၄၊ ၁၉၃၆၊ ၁၉၇၇၊ ၊၁၉၉၀ ပြည့်နှစ်များတွင်လည်း ခေတ်ကာလနိုင်ငံရေး

---

[9] Constitution of Russian Federation, https://publicofficialsfinancialdisclosure.worldbank. org/sites/fdl/files/assets/law-library-files/Russian%20 Federation_Constitution_1993_EN. pdf မှ ရရှိပါသည်။ (ကြည့်ရှုရရှိသည့်ရက် ၅-၉-၂၀၂၀)

[10] Morgan Lewis & Bockius LLP, Russia adopts major amendments to its constitution https://www.lexology.com/library/detail.aspx?g=9173f461-a6e0-4b5d-9964-c2632abc2fc6 မှရရှိပါသည်။(ကြည့်ရှုရရှိသည့်ရက် ၁၀-၉-၂၀၂၀)

[11] IMR၊ Institute of Modern Russia၊ What Happens with Russia's Constitutional Reform၊https://imrussia.org/ en/analysis/ 3077-what-happens-with-russia%E2%80%99s-constitutional-reform မှရရှိပါသည်။(ကြည့်ရှုရရှိသည့်ရက် ၁၂-၉-၂၀၂၀)

အခြေအနေများနှင့်အညီဖွဲ့စည်းပုံအခြေခံဥပဒေများကိုအသီးသီးပြဋ္ဌာန်းခဲ့ပါသည်။[12]ယခုကျင့်သုံးနေသော ၁၉၉၃ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေသည် ဆိုဗီယက်ယူနီယံဖျက်သိမ်းပြီးနောက် ၁၂-၁၂-၁၉၉၃ ရက်နေ့တွင်ဆန္ဒမအကြိမ်မြောက်ပြဋ္ဌာန်းခဲ့ခြင်းဖြစ်ပါသည်။ ၁၉၉၃ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အပိုင်း(၂)ခုဖြင့်ဖွဲ့စည်းထားရာ အပိုင်း (၁) တွင် အခန်း ၉ ခန်း၊ပုဒ်မ ၁၃၇ ခု နှင့် အပိုင်း(၂) တွင် ပုဒ်မ ၉ ခု ရှိပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေပါအခန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | အခန်း | အမည် |
|---|---|---|
| ၁။ | ၁ | နိုင်ငံတော်အခြေခံစည်းမျဉ်းများ |
| ၂။ | ၂ | နိုင်ငံသားများ၏ အခွင့်အရေးနှင့် လွတ်လပ်ခွင့်များ |
| ၃။ | ၃ | ဖက်ဒရယ်ဖွဲ့စည်းတည်ဆောက်ပုံ |
| ၄။ | ၄ | ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏သမ္မတ |
| ၅။ | ၅ | လွှတ်တော် |
| ၆။ | ၆ | ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏အစိုးရ |
| ၇။ | ၇ | တရားစီရင်ရေးအာဏာ |
| ၈။ | ၈ | ဒေသန္တရ အစိုးရ |
| ၉။ | ၉ | ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်း[13] |

## ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်း

၁၈။ ရုရှားနိုင်ငံ၏ ၁၉၉၃ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ အခန်း(၉)ပုဒ်မ ၁၃၄ မှ ၁၃၇ ထိသည် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးနှင့် စပ်လျဉ်း၍ပြဋ္ဌာန်းထားပါသည်။[14] ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၃၄ အရ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရန် သမ္မတ သို့မဟုတ် အစိုးရအဖွဲ့မှလွှတ်တော်သို့ အဆိုတင်သွင်းခွင့်ရှိပြီး လွှတ်တော်နှစ်ရပ်မှ ကိုယ်စားလှယ် ငါးပုံတစ်ပုံထက်မနည်း ထောက်ခံချက်ဖြင့်လည်း ပြင်ဆင်ချက်အဆိုတင်သွင်းနိုင်ပါသည်။ ဖွဲ့စည်းပုံပြင်ဆင်ရေးနှင့်စပ်လျဉ်း၍

[12] ကမ္ဘာ့နိုင်ငံများ၏ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးများ(၁)၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံး https://www.constitutionaltribunal.gov.mm/my/constitution-world မှရရှိပါသည်။ (ကြည့်ရှုရရှိသည့်ရက် ၂၃-၁၀-၂၀၂၀)

[13] Constitution of Russian Federation, https://publicofficialsfinancialdisclosure.worldbank. org/sites/fdl/files/assets/law-library-files/Russian%20Federation_Constitution_1993_EN. pdf မှ ရရှိပါသည်။ (ကြည့်ရှုရရှိသည့်ရက် ၅-၉-၂၀၂၀)

[14] 15 Salient Features of the Constitution of Russia၊ https://www.yourarticlelibrary.com/constitution/15-salient-features-of-the-constitution-of-russia/44244 မှ ရရှိပါသည်။ (ကြည့်ရှုရရှိသည့်ရက် ၁၅-၉-၂၀၂၀)

အခန်း ၁၊ ၂၊ ၉ ကို ပြင်ဆင်ရန်နှင့် အခန်း ၃ မှ ၈ အထိကိုပြင်ဆင်ရန် နည်းလမ်း (၂)ခုခွဲ၍ ပြဋ္ဌာန်းထားပါသည်။

၁၉။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၃၅ အရ အခန်း ၁၊ ၂ နှင့် ၉ တို့သည် ပြင်ဆင်ရန်ပို၍ ခက်ခဲပါသည်။ အဆိုပါအခန်း ၁ ၊ ၂ ၊ ၉ ပါ ပြဋ္ဌာန်းချက်များကို (Federal Assembly) လွှတ်တော်မှ ပြင်ဆင်ခွင့်မရှိပါ။ သို့သော်ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေအရ လွှတ်တော်နှစ်ရပ်မှကိုယ်စားလှယ်ငါးပုံသုံးပုံက ပြင်ဆင်ရန်တောင်းဆိုပါက (Constitutional Assembly) ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ညီလာခံအစည်းအဝေးကျင်းပရန် ဆင့်ခေါ်ခွင့်ရှိပါသည်။ ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာ ညီလာခံသည် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းရေးဆွဲ၍ အဖွဲ့ဝင်သုံးပုံနှစ်ပုံ၏ ထောက်ခံချက်ဖြင့် ပြင်ဆင်ခြင်း သို့မဟုတ် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပ၍ အများစု၏ထောက်ခံဆန္ဒမဲဖြင့် ပြင်ဆင်ပြဋ္ဌာန်းခြင်းတို့ကို ပြုလုပ်ပေးရမည်ဖြစ်ပါသည်။ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပ၍ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူထက်ဝက်ကျော်၏ ထောက်ခံဆန္ဒမဲဖြင့် ပြင်ဆင်နိုင်မည်ဖြစ်ပါသည်။

၂၀။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၃၆ အရ အခန်း ၃ မှ ၈ အထိကို လွှတ်တော်ကိုယ်စားလှယ်သုံးပုံ နှစ်ပုံ၏ ထောက်ခံချက်ဖြင့် ပြင်ဆင်နိုင်ပါသည်။[15]

၂၁။ ယခုလက်ရှိကျင့်သုံးနေသော ၁၉၉၃ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို ၂၀၀၈ ခုနှစ် နှင့် ၂၀၁၄ ခုနှစ်တွင်လည်း ပြင်ဆင်ခဲ့ပြီးဖြစ်ပါသည်။ ၂၀၀၈ ခုနှစ်တွင် သမ္မတသက်တမ်းအား ၄ နှစ်အစား ၆ နှစ်ဟု ပြင်ဆင်ခြင်းနှင့် အောက်လွှတ်တော်ဖြစ်သည့် State Duma ၏သက်တမ်းကို ၄ နှစ်အစား ၅ နှစ် ဟုပြင်ဆင်ခဲ့ပါသည်။ ထို့ပြင်ပြင်ဆင်ချက်များတွင် အစိုးရအဖွဲ့၏နှစ်စဉ်အစီရင်ခံစာအား State Duma သို့ တင်သွင်းရမည်ဟု ပြဋ္ဌာန်းချက်လည်းပါဝင်ပါသည်။

၂၂။ ၂၀၁၄ ခုနှစ်၊ ပြင်ဆင်ချက်တွင် ရုရှားနိုင်ငံ၏တရားစီရင်ရေးစနစ်ကိုပြင်ဆင်ခြင်း၊ အထက်လွှတ်တော် Federation Council ဖွဲ့စည်းမှုအားပြင်ဆင်ခြင်း၊ ရုရှားနိုင်ငံ၏ နယ်မြေစီရင်စုများအား ပြင်ဆင်ပြောင်းလဲဖွဲ့စည်းခြင်းတို့အား ပြင်ဆင်ပြဋ္ဌာန်းခဲ့ပါသည်။ ယခုအကြိမ်ပြင်ဆင်မှု

[15] Constitution of Russian Federation, https://publicofficialsfinancialdisclosure.worldbank. org/sites/fdl/files/assets/law-library-files/Russian%20 Federation_Constitution_1993_EN. pdf မှ ရရှိပါသည်။ (ကြည့်ရှုရရှိသည့်ရက် ၇-၉-၂၀၂၀)

သည် တတိယအကြိမ်ပြင်ဆင်မှုဖြစ်ပြီး အခန်း ၁၊ ၂ ၊ ၉ ကို ပြင်ဆင်ခဲ့သည့် နည်းလမ်းအရ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။[16]

## ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်နိုင်ရေးဆောင်ရွက်မှုများ

၂၃။ သမ္မတပူတင်သည် ၁၅-၁-၂၀၂၀ ရက်နေ့ မော်စကိုမြို့၌ကျင်းပြုလုပ်သော ဖက်ဒရယ်ညီလာခံ (Federal Assembly) လွှတ်တော်အစည်းအဝေးတွင် ဥပဒေပြုအမတ်များအား မိန့်ခွန်းပြောကြားပြီးနောက် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးလုပ်ငန်းအဖွဲ့ကို အမိန့်ကြော်ငြာစာထုတ်ပြန်၍ဖွဲ့စည်းခဲ့ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးလုပ်ငန်းအဖွဲ့ကို အထက်လွှတ်တော်နှင့် အောက်လွှတ်တော်တို့မှ ဥပဒေပြုရေးကော်မတီများ၏ဥက္ကဋ္ဌများအပါအဝင် အဖွဲ့အစည်းအသီးသီးမှနိုင်ငံရေးသမားများပါဝင်သော အဖွဲ့ဝင် ၇၅ ဦးဖြင့်ဖွဲ့စည်းခဲ့ပါသည်။ ထို့နောက် ၂၀-၁-၂၀၂၀ ရက်နေ့တွင် သမ္မတပူတင်သည် ဖွဲ့စည်းပုံအခြေခံဥပဒေကိုပြင်ဆင်သည့် ဥပဒေမူကြမ်းကို အောက်လွှတ်တော်သို့ တင်သွင်းခဲ့ပါသည်။ အဆိုပါ ဥပဒေမူကြမ်းကို ၂၃-၁-၂၀၂၀ ရက်နေ့တွင် အောက်လွှတ်တော်တွင် ပထမအကြိမ် ဖတ်ကြားခဲ့ပါသည်။ ၂-၃-၂၀၂၀ ရက်နေ့တွင် သမ္မတပူတင်မှ ပြင်ဆင်ချက်အဆိုများ ထပ်မံတင်သွင်းခဲ့ပါသည်။ အောက်လွှတ်တော်တွင် မတ်လ ၁၀ ရက်နေ့၌ ဒုတိယအကြိမ်ဖတ်ကြားပြီး ၁၁ ရက်နေ့တွင် အတည်ပြုခဲ့ပါသည်။ အောက်လွှတ်တော်တွင်အတည်ပြုသည့်နေ့၌ပင် ဥပဒေကြမ်းကို အထက်လွှတ်တော်မှအတည်ပြုပြီး သမ္မတလက်မှတ်ရေးထိုးနိုင်ရန်ပေးပို့ခဲ့ပါသည်။ ထို့နောက် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးသို့ ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခန်း (၁)၊ (၂)၊ (၉) တို့နှင့် ကိုက်ညီမှုရှိ/မရှိ စိစစ်ရန် ပေးပို့ခဲ့ပါသည်။ ၁၆-၃-၂၀၂၀ ရက်နေ့တွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးက ပြင်ဆင်ချက်အားလုံးသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခန်း (၁)(၂)(၉) တို့နှင့် ကိုက်ညီမှုရှိကြောင်း ထုတ်ပြန်ခဲ့ပါသည်။ ရုရှားနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းပုံအခြေခံဥပဒေကိုပြင်ဆင်မည့်ဥပဒေမူကြမ်းသည် ဖွဲ့စည်းပုံအခြေခံ

---

[16] The State Duma၊ http://duma.gov.ru/en/news/28429/ မှရရှိပါသည်။ (ကြည့်ရှုရရှိသည့်ရက် ၂၃-၁၀-၂၀၂၀)

ဥပဒေနှင့်ကိုက်ညီကြောင်းကြေညာလျှင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပ၍ အများစုဆန္ဒမဲ (Popular Vote)ဖြင့် ဆုံးဖြတ်ရမည် ဖြစ်ပါသည်။[17]

၂၄။ သို့ဖြစ်၍ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကို ၂၂-၄-၂၀၂၀ ရက်နေ့တွင် ပြုလုပ်ရန်စီစဉ်ခဲ့သော်လည်း Covid-19 ကပ်ဘေးကြောင့် ရွှေ့ဆိုင်းခဲ့ရပါသည်။ သို့သော် ဗိုင်းရပ်စ်ကူးစက်မှု အမြင့်ဆုံးရောက်ပြီးနောက် ကူးစက်မှုသစ်အရေအတွက် အနည်းငယ်ကျဆင်းခဲ့သည့် ဇွန်လတွင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ပြုလုပ်ရန် ပြန်လည်စီစဉ်ခဲ့ပါသည်။ ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကို ၂၅-၆-၂၀၂၀ ရက်နေ့မှ ၁-၇-၂၀၂၀ နေ့အထိ တစ်ပတ်ကြာကျင်းပခဲ့ပါသည်။ ထိုကဲ့သို့ကျင်းပရာတွင် Covid-19 စည်းမျဉ်း/စည်းကမ်းများနှင့်အညီကျင်းပခဲ့ပြီး မဲပေးရာတွင် မဲရုံအတွင်းဝင်မည့် လူဦးရေကို ကန့်သတ်ခြင်းနှင့် တစ်ဦးနှင့်တစ်ဦးခပ်ခွာခွာမဲပေးနိုင်ရန် စီစဉ်ခြင်းများပြုလုပ်ခဲ့ပါသည်။ မဲပေးသည့်စနစ်ကို မြို့တော်မော်စကိုအပါအဝင် Martial Law ထုတ်ပြန်ထားသည့် နေရာဒေသအချို့တွင် online စနစ်ဖြင့် မဲပေးနိုင်ရန်စီစဉ်ခဲ့ပါသည်။ ၂-၇-၂၀၂၀ ရက်နေ့တွင် ရွေးကောက်ပွဲကော်မရှင်က မဲပေးပိုင်ခွင့်ရှိသူ ၆၈ ရာခိုင်နှုန်းက မဲပေးခဲ့ပြီး ၇၇.၉၂ ရာခိုင်နှုန်းက ထောက်ခံဆန္ဒမဲပေး၍ ၂၁.၂၇ ရာခိုင်နှုန်းက ဆန့်ကျင်ဆန္ဒမဲပေးခဲ့ကြောင်း ကြေညာခဲ့ပါသည်။[18] ထို့နောက် သမ္မတပူတင်က ပြင်ဆင်ဖြည့်စွက်ချက်အသစ်များပါဝင်သော ဖွဲ့စည်းပုံအခြေခံဥပဒေကိုအတည်ပြုသည့် အုပ်ချုပ်ရေးအမိန့်အား လက်မှတ်ရေးထိုးထုတ်ပြန်ခဲ့ရာ ၄-၇-၂၀၂၀ ရက်နေ့တွင် စတင်အာဏာသက်ရောက်ခဲ့ပါသည်။[19]

## ပြင်ဆင်ခဲ့သည့်အချက်များ

၂၅။ ရုရှားနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ပြင်ဆင်ပြောင်းလဲခဲ့သည့် အချက်အချို့အား အောက်ပါအတိုင်းဖော်ပြအပ်ပါသည်-

(က) ၂၀၀၀ ပြည့်နှစ်တွင် သမ္မတအကြံပေးအဖွဲ့အဖြစ် ဖွဲ့စည်းခဲ့သော နိုင်ငံတော်ကောင်စီ (State Council) ၏ လုပ်ပိုင်ခွင့်ကို တိုးမြှင့်သတ်မှတ်ခြင်း၊

---

[17] ICJ briefing paper on certain amendments to the constitution of the Russia Federation, International Commission of Jurists https://www.icj.org/wp-content/uploads/2020/03/Russia-constitution-changes-Advocacy-Analysis-Brief-2020-ENG.pdf မှရရှိပါသည်။ (ကြည့်ရှုသည့်ရက် ၂၂-၉-၂၀၂၀)

[18] ရုရှားဖွဲ့စည်းပုံအသစ်ကြောင့် ပူတင် အနှစ် ၃၀ ကျော် အာဏာဆက်ရနေမှာလား၊ ၂၈ ဇွန် ၂၀၂၀ https://www.bbc.com/ burmese/world-53210855 မှရရှိပါသည်။ (ကြည့်ရှုသည့်ရက် ၂၈-၉-၂၀၂၀)

[19] Russia's Constitutional Amendments enter into force July 4, https://tass.com/politics/1174507 မှရရှိပါသည်။ (ကြည့်ရှုသည့်ရက် ၂၈-၉-၂၀၂၀)

(ခ) သမ္မတသက်တမ်း ၆ နှစ် ဆက်တိုက် နှစ်ကြိမ် ဆက်လက်ထမ်းဆောင်ခွင့်ရရှိခြင်း၊

(ဂ) ထိပ်တန်းနိုင်ငံရေးသမားများ၊ အရာရှိကြီးများနှင့် တရားသူကြီးများအား နိုင်ငံခြားသားအဖြစ်ခံယူခွင့်နှင့် ပြည်ပနိုင်ငံများတွင် အခြေချနေထိုင်ခြင်းအား တားမြစ်ပိတ်ပင်ခြင်း၊

(ဃ) အစိုးရအဖွဲ့ဝင်များ ခန့်အပ်ခြင်းနှင့် နုတ်ထွက်ခြင်းစနစ်ကို ပြုပြင်ပြောင်းလဲ၍ သမ္မတ၏သြဇာအာဏာကိုတိုးမြှင့်ခြင်း၊

(င) နိုင်ငံတကာစံနှုန်းများ၊ သဘောတူညီချက်များအပေါ် ရုရှားနိုင်ငံ၏ ဥပဒေကသာ အထွတ်အထိပ်သဖွယ် လွှမ်းမိုးစေခြင်း၊

(စ) ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ တရားသူကြီးဦးရေအား ၁၉ ဦးမှ ၁၁ ဦးအထိ လျှော့ချခြင်း၊

(ဆ) လိင်တူလက်ထပ်ခွင့်အား တားမြစ်ခြင်း၊

(ဇ) အနိမ့်ဆုံးပင်စင်များအတွက် အာမခံချက်ပေးခြင်းနှင့် လူမှုဖူလုံရေးထောက်ပံ့ကြေးစနစ်ကို တိုးတက်ကောင်းမွန်ရန် လုပ်ဆောင်ခြင်း တို့ဖြစ်ပါသည်။[20]

## ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်မှုအပေါ်တုံ့ပြန်မှုများ

၂၆။ သမ္မတဗလာဒီမာပူတင်၏ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ချက်ကို ပြည်သူအများစုက ထောက်ခံခဲ့သော်လည်း မော်စကိုနှင့်စိန့်ပီတာစဘတ်မြို့တော်များတွင် စုရုံး၍ ကန့်ကွက်ဆန္ဒပြသူများရှိခဲ့ပါသည်။ ဆန္ဒပြသူများသည် ဖွဲ့စည်းပုံအခြေခံဥပဒေဟောင်းကိုသာထောက်ခံပြီး ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို ဆန့်ကျင်ဆန္ဒပြခဲ့ကြခြင်းဖြစ်ပါသည်။ လုံခြုံရေးရဲတပ်ဖွဲ့များနှင့် စစ်တပ်သည် ဆန္ဒပြသူအများအပြားကို ထိန်းသိမ်းခဲ့ကြရပါသည်။[21]

၂၇။ အသက် ၆၇ နှစ်အရွယ် သမ္မတပူတင်၏ ဖွဲ့စည်းပုံပြင်ဆင်ချက်ကို အာကာသတွင် ပထမဆုံးလမ်းလျှောက်ပြသည့် အမျိုးသမီးသူရဲကောင်းဖြစ်သူ ဗယ်လန်တီနာတီရက်ရှန်ကိုဗာက

[20] IMR၊ Institute of Modern Russia၊ What Happens with Russia's Constitutional Reform၊ https://imrussia.org/ en/analysis/ 3077-what-happens-with-russia%E2%80%99s-constitutional-reform မှရရှိပါသည်။(ကြည့်ရှုရရှိသည့်ရက် ၁၂-၉-၂၀၂၀)

[21] Russia Protest Against Constitutional Reform၊ https://www.republicworld.com/world-news/rest-of-the-world-news/russia-protests-against-constitutional- reform.html မှရရှိပါသည်။(ကြည့်ရှုရရှိသည့်ရက် ၁၃-၉-၂၀၂၀)

ထောက်ခံခဲ့ပါသည်။[22] ရုရှားအရှေ့ဘက်စွန်း Vladivostok မြို့ရှိမဲရုံတွင် မဲပေးခဲ့သည့် ပြည်သူတစ်ဦးဖြစ်သည့် အသက် ၇၉ နှစ်အရွယ်ရှိ ဗလင်တီနာ ကွန်ဂူဆီဗာသည် ပြုပြင်ပြောင်းလဲမှုများကို ထောက်ခံကြောင်း တွေ့ရှိရပါသည်။[23]

၂၈။ တွေ့ရှိချက်အရ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ချက်ကို ရုရှားနိုင်ငံသား အသက်အရွယ်ကြီးမြင့်သူအများစုက ထောက်ခံခဲ့ကြပါသည်။ အကြောင်းရင်းအနေဖြင့် ပြင်ဆင်သည့်ဖွဲ့စည်းပုံအခြေခံဥပဒေပါ အချက်အချို့သည် ရုရှားနိုင်ငံသား အသက်ကြီးပိုင်းများအပေါ် သက်ရောက်မှုရှိခြင်း၊ ရုရှားနိုင်ငံအတိတ်၊ နိုင်ငံရေးသမိုင်းနှင့်ချီ၍ မျိုးချစ်ရေးရိုးစွဲ သက်ကြီးပိုင်းလူအများစု၏ ထောက်ခံမှုကို ပြသရာရောက်ခြင်း စသည့်အချက်များအား လေ့လာတွေ့ရှိနိုင်ပါသည်။

၂၉။ မဲပေးမှုသည် ပွင့်လင်းမြင်သာမှုရှိခဲ့ကြောင်း၊ သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် ဆန္ဒမဲပေးပွဲ၏သမာသမတ်ကျမှုအတွက် အကောင်းဆုံးအားထုတ်ခဲ့ကြောင်း ကော်မရှင်အကြီးအကဲ အယ်လာပမ်ဖီလိုဗာ၏ပြောကြားချက်ကိုလည်း မှတ်သားရပါသည်။

၃၀။ သမ္မတပူတင်၏ အဓိက ပြိုင်ဘက်လည်းဖြစ်၊ ထင်ရှားသော နိုင်ငံရေးခေါင်းဆောင်လည်းဖြစ်သည့်အလက်ဇန်းဒါးနာဗယ်လ်ညီက "ပူတင်၏အခြေခံဥပဒေပြင်ဆင်ရေးအကြံပြုချက်ဆိုသည်မှာ သက်ဆုံးတိုင်အာဏာရရေးလုပ်ငန်းစဉ်မျှသာဖြစ်ကြောင်း" Twitter တွင် ရေးသားခဲ့ပါသည်။ နာဗယ်လ်ညီက "ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ချက်ရလဒ်သည် တရားမဝင်ကြောင်းနှင့် မည်သည့်အခါမှလည်း အသိအမှတ်ပြုမည်မဟုတ်ကြောင်း၊ မဲရလဒ်များသည် လူထုသဘောထားအမှန်ကိုထင်ဟပ်မှုမရှိသည့် ကြီးမားသောလိမ်လည်မှုတစ်ခုဖြစ်သည်ဟု" ဝေဖန်ခဲ့ကြောင်းသိရှိရပါသည်။ သမ္မတပူတင်သည် တစ်သက်တာသမ္မတဖြစ်ချင်နေသူတစ်ဦးဟု နာဗယ်လ်ညီကပြောကြားခဲ့ပြီး မဲပေးမှုကိုသပိတ်မှောက်ကြရန် တိုက်တွန်းနှိုးဆော်ခဲ့ပါသည်။

၃၁။ ထို့အပြင်ရုရှားနိုင်ငံ၏ဒုတိယအကြီးဆုံးမြို့ဖြစ်သည့် စိန့်ပီတာစဘတ်မြို့မှ အသက် ၂၀ အရွယ်ရှိ ဆာဂျီဂိုရီဗီတောဗ့်ကမူ ပြုပြင်ပြောင်းလဲမှုကို ကန့်ကွက်ခဲ့သည့်အပြင် ယင်းပြုပြင်

---

[22] ပူတင်ရဲ့ ဖွဲ့စည်းပုံပြင်ဆင်ချက်ကို ရုရှားဖွဲ့စည်းပုံခုံရုံး အတည်ပြု၊ https://www.mizzimaburmese.com/article/68151,17 March 2020 မှကောက်နုတ်ထားပါသည်။ (ကြည့်ရှုသည့်ရက် ၂၈-၉-၂၀၂၀)

[23] သမ္မတပူတင်က ၂၀၃၆ ခုနှစ်အထိ အာဏာချုပ်ကိုင်နိုင်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြင်ဆင်မှုကို ရုရှားမဲဆန္ဒရှင်များ ထောက်ခံ https://news-eleven.com/article/180998, 2 JULY 2020 မှကောက်နုတ်ထားပါသည်။ (ကြည့်ရှုသည့်ရက် ၂၈-၉-၂၀၂၀)

ပြောင်းလဲမှုများကို သံသယရှိကြောင်းပြောကြားခဲ့ချက်အရ သမ္မတ၏ပြုပြင်ပြောင်းလဲမှုအပေါ် လူငယ်များ၏ယုံကြည်မှုအားနည်းသည်ကိုလည်း လေ့လာမိပါသည်။

၃၂။ ဆန္ဒမဲပေးမှုတွင် တစ်ကြိမ်ထက်ပိုပြီး မဲပေးမှု၊ အလုပ်ရှင်များက အလုပ်သမားများကို မဲထည့်ကြရန် ဖိအားပေးမှုအပါအဝင် စည်းကမ်းချိုးဖောက်ကြောင်း ရာနှင့်ချီသော တိုင်ကြားချက်များကို လက်ခံရရှိထားသည်ဟု လွတ်လပ်သောရွေးကောက်ပွဲစောင့်ကြည့်အဖွဲ့ Golos က ထုတ်ပြန်ခဲ့ပါသည်။[24]

၃၃။ နိုင်ငံရေးအကဲခတ်သမားများကမူ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ချက်သည် သမ္မတပူတင်က ဝန်ကြီးချုပ်ကိုရာထူးမှဖယ်ရှားသကဲ့သို့ဖြစ်စေပြီး ပါလီမန်နှင့်ကက်ဘိနက်၏လုပ်ပိုင်ခွင့်အာဏာကို ပိုမိုပေးအပ်လိုက်ခြင်းပင်ဖြစ်ကာ သမ္မတ၏လုပ်ပိုင်ခွင့်အာဏာကို တိုးမြှင့်ရရှိစေခြင်းသာ ဖြစ်သည်ဟု သုံးသပ်ထားပါသည်။[25]

## သုံးသပ်ချက်

၃၄။ ရုရှားနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေကိုပြုပြင်ပြောင်းလဲသည်ဟု ဆိုရာတွင် နိုင်ငံရေးသာမက အခြေခံလူတန်းစားများ၏ လူမှုစီးပွားဘဝကိုပါ ဆက်စပ်ပြောင်းလဲမှုများပါဝင်သည်ကို တွေ့ရပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ချက်များကို လေ့လာကြည့်ရာတွင် ရုရှားနိုင်ငံသားများ၏အခွင့်အရေးကို ကောင်းမွန်စေသည့်အချက်များ ထည့်သွင်းပြင်ဆင်ထားသည်ကို တွေ့ရပါသည်။ ထို့ကြောင့်လည်း နိုင်ငံသားများ၏ထောက်ခံမှုဖြင့် ဖွဲ့စည်းပုံကိုအတည်ပြုနိုင်သည်ဟု ယူဆရပါသည်။ နိုင်ငံရေးတွင်လည်း သမ္မတ၏အာဏာသည် ပိုမိုမြင့်မားလာဖွယ်ရာရှိနေပြီး ၆ နှစ်သက်တမ်း ၂ ကြိမ် ဆက်လက် ထမ်းဆောင်ခွင့်ရရှိရန်ပြောင်းလဲနိုင်ခြင်းက ရုရှားနိုင်ငံ၏ Power ကမ္ဘာ့အလယ်တွင် ပိုမိုမြင့်မား လာနိုင်ဖွယ်ရာရှိကြောင်း ယူဆနိုင်ပါသည်။ သို့သော်လည်း ဖွဲ့စည်းပုံပြုပြင်ပြောင်းလဲမှုအပေါ် ပြည်တွင်း/ပြည်ပ ဝေဖန်စောင့်ကြည့်မှုများရှိနေခြင်းက သမ္မတ

[24] သမ္မတပူတင်က ၂၀၃၆ ခုနှစ်အထိ အာဏာချုပ်ကိုင်နိုင်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြင်ဆင်မှုကို ရုရှားမဲဆန္ဒရှင်များ ထောက်ခံ https://news-eleven.com/article/180998, 2 JULY 2020 မှကောက်နုတ်ထားပါသည်။ (ကြည့်ရှုသည့်ရက် ၂၈-၉-၂၀၂၀)

[25] ပူတင်၏ အာဏာသက်တမ်း တိုးမြှင့်ရေး ခြေလှမ်းများ၊ https://news-eleven.com/article/155253, 19 JANUARY 2020 မှကောက်နုတ်ထားပါသည်။ (ကြည့်ရှုသည့်ရက် ၂၈-၉-၂၀၂၀)

ပူတင်အတွက် အနာဂတ်တွင် ပိုမိုများပြားလာသော အတိုက်အခံပြုမှုများနှင့် ရင်ဆိုင်ရဖွယ်ရှိနိုင်ကြောင်းသုံးသပ်နိုင်ပါသည်။

**နိဂုံး**

၃၅။ ရုရှားနိုင်ငံ၏ ၁၉၉၃ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေအား ယခုအကြိမ်ပြင်ဆင်ချက်သည် တတိယအကြိမ်မြောက်ပြင်ဆင်ချက်ဖြစ်ပြီးပြင်ဆင်ချက်အပေါ် ထောက်ခံမှုအများအပြားရှိသကဲ့သို့ ကန့်ကွက်မှုများလည်းရှိခဲ့ပါသည်။ နိုင်ငံရေးပြင်ဆင်ချက်များသာမက လူမှုရေးပြင်ဆင်ချက်များပါဝင်နေသည့်အချက်က ရုရှားသမ္မတဗလာဒီမာပူတင်အပေါ် ပိုမိုလူကြိုက်များမှုရှိနိုင်သော်လည်း ပြည်တွင်း၊ ပြည်ပမှ ဝေဖန်စောင့်ကြည့်မှုများနှင့် ဆက်လက်ရင်ဆိုင်ရမည့်အနေအထားတစ်ခုအား ဆက်လက် စောင့်ကြည့်သုံးသပ်သွားနေရန် လိုအပ်မည်ဖြစ်ပါကြောင်း ရေးသားတင်ပြအပ်ပါသည်။

သုတေသနဌာန<br>ပြည်သူ့လွှတ်တော်ရုံး

**ဤစာတမ်းတိုအား ဒေါ်နန်းသီတာဝင်း (ဦးစီးအရာရှိ)နှင့် ဒေါ်ဝေဝေသိမ့်(ဒုတိယဦးစီးမှူး) တို့က တာဝန်ယူရေးသား၍ သုတေသနဌာနမှ အရာထမ်းအဆင့်ဆင့်က ပိုင်းဝန်းကြီးကြပ်တည်းဖြတ်၍ ထုတ်ဝေခြင်းဖြစ်ပါသည်။**

**သတိပြုရန်**

ဤသတင်းအချက်အလက်သည် လွှတ်တော်ကိုယ်စားလှယ်များအား ၎င်းတို့၏ လွှတ်တော်ဆိုင်ရာ တာဝန်များကို ဆောင်ရွက်ရာတွင် အထောက်အကူပြုရန်အတွက် ဖြစ်ပါ သည်။ ပုဂ္ဂိုလ်ရေးဆိုင်ရာ ကိစ္စ တစ်စုံတစ်ခုအတွက် အသုံးပြုရန်မဟုတ်ပါ။ အချိန်နှင့်တပြေးညီ နောက်ဆုံးရသတင်းဖြစ်မည်ဟု သတ်မှတ် မထားသင့်ပါ။ ဤအချက်အလက်များအား တရားဝင် သို့မဟုတ် ပညာရှင်ဆိုင်ရာအကြံပေးချက်အဖြစ် မသတ်မှတ်သင့်ပါ။ အထူးအကြံပေးချက် သို့မဟုတ် သတင်းအချက်အလက်များလိုအပ်ပါက အရည်အသွေး ပြည့်မီသော သင့်လျော်သည့်ကျွမ်းကျင်ပညာရှင်နှင့် ဆွေးနွေးတိုင်ပင်သင့်ပါသည်။ လွှတ်တော်သုတေသန ဝန်ဆောင်မှုသည် စာတမ်းတိုများတွင် ပါဝင်သောအကြောင်းအရာများနှင့်စပ်လျဉ်း၍ လွှတ်တော် ကိုယ်စားလှယ်များ၊ လွှတ်တော်ဝန်ထမ်းများနှင့် ဆွေးနွေးမှုများ ပြုလုပ်ပေးနိုင်ပါသည်။ အများပြည်သူနှင့် ဆွေးနွေးမှုများ ပြုလုပ်ခြင်းမရှိပါ။

သုတေသနလုပ်ငန်းဆိုင်ရာ စုံစမ်းမေးမြန်းမှုများပြုလုပ်ရန်
(သို့မဟုတ်) သုတေသနဌာနအား လာရောက်လေ့လာရန်
အောက်ပါလိပ်စာအတိုင်း ဆက်သွယ်နိုင်ပါသည်။

သုတေသနဌာန
ပြည်သူ့လွှတ်တော် C ဆောင် - ဒုတိယထပ်
တယ်လီဖုန်း - ၀၆၇ - ၅၉၁၂၈၄၊ ၀၆၇ - ၅၉၁၂၈၅